**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**ကြေညာချက်အမှတ်၊ ၁၆ / ၂၀၂၁**

**၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်**

**( ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် )**

အကြောင်းအရာ။ **ကြော်ငြာစာအမှတ်၊( ၆/ ၂၀၂၁ )အတွက် လျှောက်လွှာပိတ်ရက် (၂)လတိုးမြှင့် သတ်မှတ်ကြောင်းကြေညာခြင်း**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကုသရေးဦးစီးဌာန နှင့်ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့တွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင် အရာရှိအဆင့် စတင်ခန့်ရာထူး ဆရာဝန်(သစ်လွင်)/ ဆရာဝန်(သွားနှင့်ခံတွင်း)/ ဆရာဝန်(သရုပ်ပြ) (၁၂၀၉)နေရာအတွက် ၁၂ - ၉ - ၂၀၂၁ ရက်စွဲပါကြော်ငြာစာအမှတ်၊(၆/၂၀၂၁)ဖြင့် လျှောက်လွှာ ပိတ်ရက်ကို (၁၃-၁၀-၂၀၂၁)ရက်နေ့သတ်မှတ်၍ ၁၃-၉-၂၀၂၁ နှင့် ၁၄-၉-၂၀၂၁ရက်နေ့များ၌ မြန်မာ့ အလင်း၊ကြေးမုံနှင့်မြဝတီသတင်းစာတို့တွင် ကြော်ငြာခေါ်ယူခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ ကြော်ငြာစာအမှတ်၊( ၆/၂၀၂၁ )မှ ဆရာဝန်လစ်လပ်ရာထူး(၁၂၀၉)နေရာအတွက် လျှောက်ထားသူများပိုမိုလျှောက်ထားနိုင်စေရေးအတွက် **လျှောက်လွှာပိတ်ရက်ကို ၁ - ၁၁ - ၂၀၂၁ ရက်နေ့မှစတင်၍ ၃၁-၁၂-၂၀၂၁ ရက်နေ့အထိ (၂)လတိုးမြှင့်သတ်မှတ်ထားပါကြောင်း အသိပေး ကြေညာအပ်ပါသည်။**

၃။ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ လက်ခံရရှိသော လျှောက်လွှာများကို (၁)လတစ်ကြိမ် စုစည်းကာ စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်းပြုလုပ်၍ ရွေးချယ်ပေးသွားမည်ဖြစ်ပါကြောင်း နှင့် ရွေးချယ်ခြင်းခံရသူများကို နိုင်ငံ့ဝန်ထမ်းသစ်များအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ ခန့်အပ် တာဝန်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၄။ ဤကြေညာချက်ကို လျှောက်ထားသူများအနေဖြင့်လျှောက်ထားရာတွင် ယခင်လျှောက်ထား သည့်ပုံစံ (Manual)ဖြင့် ပေးပို့လျှောက်ထားနိုင်သည့်အပြင် **Online** ဖြင့်လည်း လျှောက်ထား နိုင်ကြောင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website** ဖြစ်သည့် **www.ucsb. gov.mm** နှင့် **Myanmar National Web Portal** ဖြစ်သော **www. myanmar.gov.mm** တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပြီး အခြားစုံစမ်းမေးမြန်း လိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော် (ဖုန်း၊၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၄၃၀၊ ၀၉-၄၂၄၄၀၈၉၅၄၊ ၀၉-၄၂၀၇၀၆၆၀၅၊ ၀၉-၄၂၀၇၀၆၆၀၆၊ ၀၉-၇၉၇၇၂၇၆၉၆၊ ၀၉-၄၄၁၉၃၇၃၄၃၊ ၀၉-၂၆၂၅၀၂၉၈၈ ) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။